□□□□□□□□□□□□□ □□□□□□□□□□□□□

[صحيح] [رواه مسلم]

နှလုံးသားများသည် နှစ်မျိုးနှစ်စား ဖြစ်လာလိမ့်မည်- (၁) အဖြူရောင် နှလုံးသား။ ၎င်းသည်
ခိုင်မာသော အီမာန်၏ သဘော တရားအပေါ် အလွန်မြဲမြံပြီး ချို့ယွင်းချက်မှ ကင်း စင်သည်။
စမ်းသပ် မှုများသည် ၎င်းနှင့် မငြိတွယ်နိုင်။ ၎င်းအပေါ် သက်ရောက်မှုလည်း မရှိချေ။
ချောမွတ်သော ကျောက်သားကဲ့သို့ မည်သည့်အရာမှ မကပ်နိုင်။ ထို့ကြောင့် ထိုနှလုံးသားသည်
အလ္လာဟ်အရှင်မြတ်နှင့်တွေဆုံသည့်တိုင် မည်သည့်စမ်းသပ်မှုမှ ၎င်းကို
မထိခိုက်စေနိုင်။ အခြားနှလုံးသားတစ်ခုမှာ ၎င်း၏ အရောင်သည်
ဖိသ်နာစမ်းသပ်မှုများကြောင့် မည်းမှောင်သွားပြီး၊ ထိုနှလုံးသားသည်
စောင်းနေသောရေအိုး သို့မဟုတ် မှောက်လျက်ရှိသော ရေအိုးနှင့်တူသည်။ ထိုရေအိုး၌
ရေမတည်မြဲသကဲ့သို့၊ ဤနှလုံးသား ၌လည်း ကောင်းမှု သို့မဟုတ်
ဟိက်မသ်ဉာဏ်အမြှော်အမြင်သည် မတွယ်ကပ်နိုင်။ ၎င်းသည် ကောင်းကျိုးကို မသိ၊
မကောင်းမှုကိုလည်း မတွန်းလှန်နိုင်။ မိမိနှစ်သက်သော၊ မိမိစိတ်အလို၏နောက်သို့
လိုက်ပါသောအရာမှတစ်ပါး အခြားဘာကိုမှ မသိတော့ပေ။ ဟုဇိုင်ဖဟ် (ရဿွိယလ္လာဟုအန်ဟု) က
အိုမရ် (ရဿွလ္လာဟုအန်ဟု) အား ပြောကြားခဲ့သည်မှာ- 'ဧကန်စင်စစ်
ထိုဖိသ်နာစမ်းသပ်မှုများသည် သင်ရှိ‌နေသမျှကာလပတ်လုံး တစ်စုံတစ်ရာ
ထွက်ပေါ်လာမည်မဟုတ်ပေ။ သင်နှင့် ထိုဖိသ်နာများကြားတွင် ပိတ်ထားသောတံခါးတစ်ချပ်
ရှိသည်။ ထိုတံခါးသည် (ချိုးဖျက်ခြင်းခံရရန် နီးကပ်လာပြီ။' အိုမရ် (ရဿွိယလ္လာဟုအန်ဟု)က
"(အံ့ဩလျက်) ထိုတံခါးသည် ချိုးဖျက်ခြင်းခံရမည်လော။ အကယ်၍ ထိုတံခါးကို
ဖွင့်လိုက်လျှင် ပြန်ပိတ်နိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ ထိုအခါ ဟုဇိုင်ဖဟ်
(ရဿွိယလ္လာဟုအန်ဟု) က ‘မဟုတ်ပါ၊ ချိုးဖျက်ခြင်းခံရမည်သာဖြစ်ပြီး၊ ထိုတံခါးသည်
လူတစ်ဦးဖြစ်ပြီး (အိုမရ် (ရဿွလ္လာဟုအန်ဟု) အား ရည်ရွယ်ခြင်း) အသတ်ခံရမည် သို့မဟုတ်
သေဆုံးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ကျွန်ုပ်ဖော်ပြခဲ့သော
အကြောင်းအရာသည် မှန်ကန်တိကျသော သတင်းဖြစ်သည်။ ၎င်းသည် ဂျူး၊ ခရစ်ယာန်တို့၏
ကျမ်းစာရွက်များမှလည်း မဟုတ်၊ ပညာရှင်တစ်ပါး၏ ကိုယ်ပိုင်ဆင်ခြင်ယူဆချက်မှလည်း
မဟုတ်ဘဲ၊ တမန်တော်မြတ် (ဆွလ္လာလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ ဟဒီးစ်တော်မှပင် ဖြစ်သည်။
https://www.sunnah.global/hadeeth/my/show/66382